# SAN MATEO COUNTY
# CALIFORNIA VOTER'S CHOICE ACT
## (ကယ်လီဖိုးနီးယား မဲပေးသူ၏ ရွေးချယ်မှု ဥပဒေ)
## 2020 ခုနှစ်၊ ဇန်နဝါရီလ — 2024 ခုနှစ်၊ ဇန်နဝါရီလအတွက် ဖြည့်စွက်ချက ရွေးကောက်ပွဲ စီမံချက

စက်တင်ဘာလ ၁၄ ရက်၊ ၂၀၂၁ ခုနှစ်။
ကယ်လီဖိုးနီးယား ပြည်နယ်အုပ်ချုပ်ရေးမှူးအား တာဝန်မှ ပြန်လည်ရုတ်သိမ်းခြင်း




MARK CHURCH ရုံးခန်း
ရွေးကောက်ပွဲဆိုင်ရာ အကြီးအကဲ နှင့် ပိုင်ဆိုင်မှုအကဲဖြတ် ကောင်တီစာရေး - မှတ်တမ်းတင်သူ
မှတ်ပုံတင်ခြင်းနှင့် ရွေးကောက်ပွဲဌာန
40 Tower Road, San Mateo, CA 94402
ဖုန်းနံပါတ် 650.312.5222 ဖက်စ် 650.312.5348
အီးမေးလ်လိပ်စာ registrar@smcacre.org **web** www.smcvote.org
@smcvote

This page intentionally left blank

OFFICE OF
**ASSESSOR-COUNTY CLERK-RECORDER & ELECTIONS**
COUNTY OF SAN MATEO

**MARK CHURCH**
CHIEF ELECTIONS OFFICER &
ASSESSOR-COUNTY CLERK-RECORDER

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်

မဲပေးဖော်များခင်ဗျား၊

San Mateo County ၏ ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ ရွေးကောက်ပွဲဆိုင်ရာ စီမံချက် (EAP) အတွက် ဤဖြည့်စွက်ချက်တွင် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမှ ရုပ်သိမ်းသည့် ရွေးကောက်ပွဲအတွက် သီးသန့် အစီအစဉ်များပါဝင်ပါသည်။ ဤစာရွက်စာတမ်းတွင် အထက်လွှတ်တော် ဥပဒေမူကြမ်း ၁၅၂ အရရွေးကောက်ပွဲများဥပဒေ ပြင်ဆင်ချက်များကြောင့်နှင့် COVID-19 ကပ်ရောဂါကြောင့် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၃ ရက်၊ နိုင်ငံတော်သမ္မတ အထွေထွေ ရွေးကောက်ပွဲဆောင်ရွက်ချက်များတွင် အကောင်အထည်ဖော်ခဲ့သည့် ဒေသန္တရ၊ ပြည်နယ်နှင့် ဖက်ဒရယ်အစိုးရ၏ လမ်းညွှန်ချက် အသစ်များကိုထင်ဟပ်ရန် ကျွန်ုပ်တို့၏ EAP အပေါ် ပြောင်းလဲချက်များကို ဆွေးနွေးထားပါသည်။

San Mateo County မဲပေးသူများအနေဖြင့် ဘေးကင်းလုံခြုံပြီးအဆင်ပြေသည့် မဲပေးခြင်းဆိုင်ရာဝန်ဆောင်မှုများကို ရရှိကြောင်း သေချာစေရန် ကျွန်ုပ်တို့၏ ရုံးသည် CDC ၏ လမ်းညွှန်ချက်နှင့် ပြည်နယ်နှင့်ကောင်တီ ကျန်းမာရေးဌာန COVID-19 ကျန်းမာရေးဆိုင်ရာ အမိန့်များကို ဆက်လက်၍လိုက်နာပါသည်။ မဲစင်တာတစ်ခုစီသည် တစ်ကိုယ်ရေသုံး အကာအကွယ် ပစ္စည်းများကို ပေးခြင်းနှင့် မဲပေးသည့်ကာလတစ်လျှောက် ပုံမှန်သန့်ရှင်းရေး ပြုလုပ်ခြင်းများကို ဆက်လက်ပြုလုပ်သွားပါမည်။

အထက်လွှတ်တော် ဥပဒေမူကြမ်း ၁၅၂ ကို ၂၀၂၁ ခုနှစ် ဇွန်လ ၂၈ ရက်တွင် ဥပဒေပြုလက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပြီး၊ ဤရွေးကောက်ပွဲအတွက် စာတိုက်မှ အဝေးရောက် မဲပေးပို့ခြင်း (Remote Accessible Vote by Mail -RAVBM) စနစ်ကို အားလုံးအသုံးပြုနိုင်ရန် ပေးထားပါသည်။ RAVBM သုံး၍ မဲပေးသူများသည် အင်တာနက်ချိတ်ဆက်ထားသည့် ကွန်ပျူတာနှင့် ပရင်တာတို့ကိုသုံး၍ ၎င်းတို့ရွေးချယ်မှုကို မှတ်သားကာ မဲကိုပုံနှိပ်ထုတ်နိုင်မည် ဖြစ်ပါသည်။ မဲပေးသူများသည် ၎င်းတို့၏ မဲများကို စာတိုက်မှဖြစ်စေ၊ ကျွန်ုပ်တို့၏ မဲသွားပို့ရန်ထားရှိသည့် ပုံးများတည်နေရာ ၄၂ ခု အနက်တစ်ခုတွင်ဖြစ်စေ၊ မဲစင်တာ အခု ၂၀ အနက် တစ်ခုတွင်ဖြစ်စေ၊ သို့မဟုတ် ယာယီမဲပေးစင်တာ နေရာနှစ်ခုတွင်ဖြစ်စေ ပြန်ပို့နိုင်ပါသည်။

ဤသည်မှာ ၂၀၀၃ ခုနှစ်မှစ၍ ပထမဆုံးအကြိမ် ပြည်နယ်တစ်ဝန်း အလုပ်တာဝန်မှ ရုပ်သိမ်းသည့် ရွေးကောက်ပွဲ ဖြစ်ပါသည်။ ဤရာထူးမှရုပ်သိမ်းသည့်မဲတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးအား ရာထူးမှရုပ်သိမ်းသင့်မသင့်နှင့် ရုပ်သိမ်းသင့်ပါက မည်သူက ၎င်းနေရာ အစားထိုးမည်ဟူသည့် မေးခွန်းနှစ်ခု ပါရှိပါမည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးအား အလုပ်ရာထူးမှ ဖယ်ရှားရေး မပြုရန် မဲပေးပါက၊ ဒုတိယမေးခွန်းဖြစ်သည့် မည်သူက ၎င်းနေရာတွင် အစားထိုးမည်ဟူသည့် ဒုတိယမေးခွန်းအတွက် မဲပေးနိုင်ပါသေးသည်။ ပြည်နယ် အုပ်ချုပ်ရေးမှူးအား ရာထူးမှရုပ်သိမ်းရန် ပထမမေးခွန်းကို ဟုတ်ကဲ့ဟု မဲပေးသူများ၏ ၅၀% ကျော်မှ မဲပေးသည့်အခါမှသာ အစားထိုးသည့် ရွေးကောက်ပွဲဝင်သူအတွက် မဲများကို ရေတွက်ပါမည်။ မဲပြားတွင် အစားထိုးမည့်ရွေးကောက်ပွဲဝင်သူ ၄၆ ဦး ရှိပါမည်။ သင်၏ပြည်နယ်မဲပေးသူ အချက်အလက်လမ်းညွှန် (State Voter Information Guide) တွင်၊ မိမိတို့၏ ထွက်ဆိုချက်များ ထည့်သွင်းဖို့ ငွေပေးချေရန်ဆုံးဖြတ်သည့် ရွေးကောက်ပွဲဝင်သူများ၏ ထွက်ဆိုချက်များကို ထိုလမ်းညွှန်ချက်တွင် တွေ့ပါမည်။ ရွေးကောက်ပွဲဥပဒေအရ၊ ရာထူးမှရုပ်သိမ်းခံနေရသည့် အရာရှိသာလျှင် ကောင်တီမဲပေးသူအချက်အလက် လက်ကမ်းစာစောင် (County Voter information Pamphlet) တွင် ထွက်ဆိုချက်တစ်ရပ် ထုတ်ပြန်ရန်ရွေးချယ်ခွင့် ရှိပါသည်။ ထိုမဲပြားပေါ်တွင် ကောင်တီ၏ပြိုင်ပွဲများ သို့မဟုတ် စီမံချက်များ မပါရှိပါ။ သို့ဖြစ်၍ ကောင်တီ၏ နမူနာမဲပြားနှင့် မဲပေးသူအချက်အလက် လက်ကမ်း စာစောင်တို့သည် ခါတိုင်းထက် ပိုမိုသေးငယ်မည်ဖြစ်သည်၊ သို့သော်လည်း သင်မဲပေးရန် ရွေးချယ်စရာများအတွက် အရေးကြီးသည့် အချက်အလက်များကို ပေးထားဆဲဖြစ်ပါသည်။ ကောင်တီ၏ လက်ကမ်းစာစောင်သည် ဩဂုတ်လ ၁၆ ရက်ထက် နောက်မကျဘဲ စာတိုက်မှပို့လိုက်သည့် စာတိုက်မှမဲပေးရန် (Vote by Mail) မဲပြားနှင့်အတူ သင့်ထံရောက်ရှိလာပါမည်။

ဤနှစ်တွင်၊ သင်သည် ပြည်နယ်အုပ်ချုပ်ရေးမှူးအတွက် မဲပေးမည်ဖြစ်သော်လည်း၊ ပုံမှန်စီစဉ်ထားသည့် ပြည်နယ်အုပ်ချုပ်ရေးမှူး အတွက် အခြေခံအဆင့်ရွေးကောက်ပွဲများကို ၂၀၂၂ ခုနှစ် ဇွန်လတွင် ကျင်းပမည်ဖြစ်ပြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးအတွက် အထွေထွေရွေးကောက်ပွဲကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်မဲတွင် ပြည်နယ်တစ်ဝန်းရာထူးများ အပြင် ရွေးကောက်ရန် အချိန်ကျပြီဖြစ်သည့် ဒေသန္တရရာထူးများလည်း ပါရှိပါမည်။

ရွေးကောက်ပွဲတစ်ခုစီတိုင်း၌ကဲ့သို့ပင်၊ ကျွန်ုပ် သင့်အား မဲပေးရန်တိုက်တွန်းပါသည်။ ဤသည်မှာ သင်၏ အခွင့်အရေး ဖြစ်သကဲ့သို့ အများပြည်သူအတွက် သင်၏ တာဝန်လည်း ဖြစ်ပါသည်။

လေးစားစွာဖြင့်၊

Mark Church

## ရွေးကောက်ပွဲဆိုင်ရာ ပြောင်းလဲမှုများအား ခြုံငုံသုံးသပ်ချက်

San Mateo Country ဆိုင်ရာ မှတ်ပုံတင်နှင့် ရွေးကောက်ပွဲ ဌာနခွဲသည် အထက်လွှတ်တော်ဥပဒေမူကြမ်း ၁၅၂ ၏ ပြဋ္ဌာန်းချက် များအရ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက် ကာလီဖိုးနီးယား ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမှရုပ်သိမ်းရေး ရွေးကောက်ပွဲ အတွက် ပြဋ္ဌာန်းထားသည့် ကာလီဖိုးနီးယားပြည်နယ် ရွေးကောက်ပွဲများ ဥပဒေပြောင်းလဲမှုများကို လိုက်နာပါမည်။ ပြည်နယ် အတွင်းဝန်၏ ရွေးကောက်ပွဲစီမံခန့်ခွဲမှု လမ်းညွှန်ချက်အားလုံးကို ကျွန်ုပ်တို့ လိုက်နာပါမည်။ မဲပေးသူအားလုံးနှင့် မဲစင်တာများမှ ဝန်ထမ်းများ ဘေးကင်းနေစေရန်အတွက် ကျွန်ုပ်တို့သည် ရောဂါထိန်းချုပ်ရေး ဗဟိုဌာနများအပြင် ပြည်နယ်နှင့် ကောင်တီ ကျန်းမာရေးဌာနများ၏ ပြည်သူ့ကျန်းမာရေး လမ်းညွှန်ချက်ကို လိုက်နာပါမည်။

မဲပေးစင်တာတစ်ခုစီတွင် မဲပေးသူများကို ကာကွယ်ဆောင်ရွက်မှုများကို အသိပေးရန်နှင့် မဲပေးသည့်လုပ်ငန်းစဉ်လမ်းပြရန်အတွက် ကြိုဆိုသူတစ်ဦးစီ ထားရှိပေးမည် ဖြစ်ပါသည်။ မဲပေးသူများကတောင်းဆိုသည့်အခါ မျက်နှာဖုံးများ ပေးပါမည်။  မသန်စွမ်းသူများ ဆိုင်ရာ ကျင့်ဝတ်ထုံးတမ်း သင်ကြားထားသည့် ကြိုဆိုသူများသည် မဲပေးသူလူတန်းတိုင်းသို့ လှည့်လည်ပြီး လမ်းညွှန်ချက်များ သို့မဟုတ် အကူအညီ ပေးပါမည်။  မဲပေးစင်တာတစ်ခုစီအတွင်းတွင် ဝန်ထမ်းများမှ မဲပေးသူများကို လူချင်းခွာရန်မလိုဘဲ ကူညီနိုင်ရန်အတွက် အဝင်စာရင်းပေးသည့် စားပွဲများတွင် plexiglass အကာများ ထားရှိမည် ဖြစ်သည်။

၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက် ပြည်နယ်အုပ်ချုပ်ရေးမှူးအား ရာထူးမှရုပ်သိမ်းသည့် ရွေးကောက်ပွဲအတွက်   အထက်လွှတ်တော် ဥပဒေမူကြမ်း ၁၅၂ တွင် အောက်ပါ သတ်မှတ်ချက်များကို အတိအကျပေးထားပါသည်-

- ကျွန်ုပ်တို့၏ စာတိုက်မှ အဝေးရောက်မဲ ပေးပို့ခြင်း (Remote Accessible Vote by Mail ” RAVBM) စနစ်ကို လူတိုင်းဝင်ရောက်အသုံးပြုနိုင်ရေး လုပ်ဆောင်ပေးရန်။[1]
- ရွေးကောက်ပွဲရက် ရက်စွဲဖြင့် စာတိုက်မှပေးပို့သည့်မဲများကို နောက်ဆုံးလက်ခံပေးမည့်ရက်ကို ရွေးကောက်ပွဲရက်ပြီးနောက် ၇ ရက်မြောက်နေ့အထိ တိုးချဲ့ပေးရန်။[2]
- စာတိုက်မှပေးပို့သည့် မဲများအား ရွေးကောက်ပွဲမတိုင်မီ ၂၉ ရက်အလိုမှ စတင်၍ကိုင်တွယ်ရန်။[3]

San Mateo County မှ မဲပေးသူများအနေဖြင့် (ကျွန်ုပ်၏ ရွေးကောက်ပွဲအချက်အလက်များ) My Election Info ရှိ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် www.smcvote.org ၌ ၎င်းတို့၏ မဲကို မည်သည့်အခါ၌လက်ခံရရှိသည်နှင့် မည်သည့်အခါ၌ရေတွက်သည်ကို ဆက်လက်၍အတည်ပြုနိုင်မည် ဖြစ်ပါသည်။ မဲပေးသူများသည် ပြည်နယ်အတွင်းရေးမှူးမှ ပံ့ပိုးပေးထားသည့် (ကျွန်ုပ်၏မဲ အဘယ်မှာနည်း) Where–s My Ballot? ကိုသုံး၍ မိမိတို့ စာတိုက်မှပေးပို့သည့်မဲများကို ခြေရာခံသည့်စနစ်အတွက်လည်း စာရင်းပေးနိုင်ပါသည်။

San Mateo County သည် ရွေးကောက်ပွဲနေ့ မတိုင်မီ ၂၉ ရက်ကြို၍ မဲပေးစင်တာသုံးရုံဖွင့်ထားသည့် အစဉ်အလာကို ဆက်လက် ထိန်းသိမ်းသွားပါမည်။

### ဘေးကင်းစွာ မဲပေးရန် ရွေးချယ်စရာများ

*စာပို့ မဲပေးခြင်း*

၂၀၁၈ ခုနှစ်တွင် (ကာလီဖိုးနီးယားပြည်နယ် မဲပေးသူ၏ ရွေးချယ်ချက် အက်ဥပဒေ) California Voter–s Choice Act ကို လက်ခံကျင့်သုံးသည့် ပထမဆုံးကောင်တီငါးခုမှ တစ်ခုဖြစ်သည့် San Mateo County သည် ကောင်တီတစ်ရပ်လုံးအနေဖြင့်၊ မှတ်ပုံတင်ထားသော မဲပေးသူ အားလုံးထံ စာပို့ မဲပေးရန် မဲပြားများပေးပို့ရန် အသင့်ရှိနေပါသည်။ မဲပေးသူများက ၎င်းတို့မဲပြားကို စာတိုက်မှ ပြန်ပို့နိုင်သည်၊ သို့မဟုတ် ကျွန်ုပ်တို့၏ တရားဝင် မဲစာတိုက်ပုံးများ  အသုံးပြုနိုင်သည်၊ သို့မဟုတ် မဲပေးစင်တာသို့ ၎င်းတို့၏မဲပြားယူလာပြီး မဲပေးနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဤရွေးကောက်ပွဲအတွက် အများပြည်သူအတွက် မဲစာတိုက်ပုံးတည်နေရာ ၄၂ ခုရှိပြီး၊ ၂၀၂၀ ခုနှစ် နိုင်ငံတော်သမ္မတအထွေထွေရွေးကောက်ပွဲ၌ရှိခဲ့သည့် ၃၉ ခုထက် တိုးလာခြင်းဖြစ်ပြီး၊ မဲပေးသူများကို ၎င်းတို့မဲပေးထားသည့် မဲပြားများ ပြန်ပို့ရန်အတွက် ပိုမိုအဆင်ပြေစွာ ရွေးချယ်စရာများ ပိုလာစေမည် ဖြစ်သည်။ မဲစာတိုက်ပုံး တည်နေရာများကို မဲပေးစင်တာများကဲ့သို့ပင် မဲပေးသူရွေးချယ်ချက် အက်ဥပဒေအရ တည်နေရာစံများအတိုင်း ရွေးချယ်ထားပါသည်။

*မဲပေးစင်တာများ*

ဤရွေးကောက်ပွဲတွင် ကျွန်ုပ်တို့ မဲပေးစင်တာ အခု ၂၀ ထားရှိပါမည်။ မဲပေးစင်တာအခု ၂၀ လုံးအား မဲပေးစင်တာ အကောင်းဆုံး တည်နေရာများကို သိရှိရန်အတွက် မှတ်ပုံတင်နှင့်ရွေးကောက်ပွဲများဌာနခွဲ အသုံးပြုသည့် အလေ့အထများအပေါ်အပြင် အများသူငါ ပါဝင်သည့် ဒီမိုကရေစီစင်တာ၏

---

[1] RAVBM စနစ်ကို မသန်စွမ်းသည့်မဲပေးသူများ၊ နိုင်ငံရပ်ခြားတွင်နေထိုင်နေသည့် မဲပေးသူများ သို့မဟုတ် စစ်မှုထမ်း မဲပေးသူများနှင့်/သို့မဟုတ် စစ်တပ်တွင်းမိသားစုဝင်များအတွက် ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။

[2] လက်ရှိဥပဒေအရ ရွေးကောက်ပွဲရက် ရက်စွဲဖြင့် စာတိုက်မှ ပေးပို့သည့် မဲများကို လက်ခံပေးမည့် နောက်ဆုံးရက်မှာ ရွေးကောက်ပွဲရက်အပြီး သုံးရက်မြောက်နေ့ ဖြစ်သည်။

[3] ယခင်ဥပဒေအရ ကောင်တီများသည် ရွေးကောက်ပွဲမတိုင်မီ အလုပ်ဖွင့်ရက် ၁၅ ရက်အလိုမှ စတင်ပြီး စာတိုက်မှပေးပို့သည့် မဲများကို လက်ခံကိုင်တွယ်နိုင်သည်။ ရလဒ်များကိုမူ ရွေးကောက်ပွဲည မဲရုံအားလုံးမပိတ်မီအထိ ထုတ်ပြန်ကြေငြာမည် မဟုတ်ပါ။

မဲပေးသည့်တည်နေရာပြကိုရိယာကိုအခြေခံ၍ ကောင်တီတစ်ဝန်း အဆင်ပြေရန် ထားရှိမည် ဖြစ်ပါသည်။ မဲပေးသူ၏ရွေးချယ်ချက်အက်ဥပဒေတွင် ဖော်ပြထားသော အချက် ၁၅ ချက်အပြင်၊ မဲပေးသူများအချင်းချင်းအကြား လူချင်းခွဲနေနိုင်ကြောင်းအတည်ပြုရန် မဲပေးစင်တာများကို တိုင်းတာခြင်းလည်း ပြုလုပ်ထားပါသည်။ မဲပေးစင်တာတည်နေရာ အားလုံးကို အလွယ်တကူ ဝင်ထွက်နိုင်ပါသည်။

မဲပေးစင်တာကိုယ်စားလှယ်များ (VCR) ကို အွန်လိုင်းရော လူကိုယ်တိုင်ပါ လေ့ကျင့်ပေးသွားမည်ဖြစ်သည်။ ယခင်က VCR တို့၏ အဓိကအခန်းကဏ္ဍများမှာ မဲပေးသူများကို စာရင်းသွင်းပေးရန်နှင့် မဲပေးသူများအား မဲအမှတ်ခြစ်ရန်စက်များနှင့် တွဲသုံးရမည့် ပုံနှိပ် ထားသည့်မဲပြားများ သို့မဟုတ် ကတ်များပေးရန်ဖြစ်သော်လည်း၊ ယခု VCR များကို မျက်နှာဖုံးအသုံးပြုခြင်းအပြင် သတ်မှတ်ချက် များကိုလည်း လေ့ကျင့်ပေးသွားမည် ဖြစ်ပါသည်။ ဤထပ်တိုးတာဝန်များကို ဖြည့်ဆည်းနိုင်ရန်အတွက် မဲပေးစင်တာဝန်ထမ်း အရေအတွက်ကို တိုးမြှင့် ခန့်ထားသွားမည် ဖြစ်ပါသည်။

VCR များအားလုံးအား မသန်စွမ်းသူများအပေါ် ကျင့်ဝတ်နှင့် အကူအညီရယူသူအပေါ် ဝန်ဆောင်မှုဆိုင်ရာ သင်တန်းပေးပါသည်။ ကျွန်ုပ်တို့၏ မသန်စွမ်းမှုအပေါ် သိနားလည်မှုရှိခြင်းသင်တန်းတွင်ပါရှိသည့် အခြေခံသဘောတရားများမှာ ယဉ်ကျေးရန်၊ အကူအညီ ကမ်းလှမ်းရန်နှင့် မဲပေးသူအား လိုအပ်သည့်ပံ့ပိုးမှုကို ရှင်းပြခွင့် ပေးရန်ဖြစ်ပါသည်။

ရွေးကောက်ပွဲနေ့တွင် တန်းစီရခြင်းကိုရှောင်ရှားဖို့ စောစောမဲပေးရန် မဲပေးသူအားလုံးအား ကျွန်ုပ်တို့ အားပေးတိုက်တွန်းပါသည်။

*ပလက်ဖောင်းဘေးမှမဲပေးခြင်း*

ပလက်ဖောင်းဘေးမှမဲပေးခြင်းကိုပံ့ပိုးပေးရန်အတွက် မဲပေးစင်တာတစ်ခုစီတွင် အချက်အလက်ပေးထားသည့် ဆိုင်းဘုတ်တစ်ခုနှင့် ခေါင်းလောင်းတစ်ခု ရှိမည်ဖြစ်ပြီး၊ ၎င်းကို ကားပြတင်းပေါက်မှ အသာအယာပုတ်လိုက်ခြင်း သို့မဟုတ် တို့လိုက်ခြင်းဖြင့် စတင် လုပ်ကိုင်နိုင်ပါသည်။ VCR များသည် ထိုခေါင်းလောင်းသံကို ကြားပြီးနောက် မဲပေးသူ(များ)အတွက် သန့်စင်ထားသည့် စာရေးရန် ကလစ်ပါ အောက်ခံကတ်ပြားနှင့် ဘောပင်နှင့် စာရင်းပေးသည့်ပုံစံတစ်စောင်ကို ပေးပါမည်။ မဲပေးသူတစ်ဦးသည် ထိုပုံစံကိုဖြည့်ရန် အချက်အလက်များကို VCR အားနှုတ်ဖြင့်ပေးရန် အခွင့်တောင်းနိုင်ပါသည်။

မဲပေးသူ၏ အကြိုက်အပေါ် မူတည်၍ (ဝန်ထမ်းနှစ်ဦးဖြစ်စေ၊ ဝန်ထမ်းတစ်ဦးနှင့် မဲပေးသူအားကူညီသူဖြစ်စေ) လူနှစ်ဦးမှ-

၁။ စာတိုက်မှပို့နိုင်သည့်၊ အဆောက်အဦးပြင်ပရှိမဲစာတိုက်ပုံးသို့ သွား၍ပေးနိုင်သည့် သို့မဟုတ် မဲစင်တာတစ်ခုသို့ ပြန်ယူလာနိုင်သည့် စာတိုက်မှမဲပေးရန်အရာများကို မဲပေးသူထံပို့ရန် ဖန်တီးပါမည်။
၂။ စာရွက်မဲပြားများကို လျှို့ဝှက်ဖိုင်တွဲတစ်ခုတွင်ထည့်၍ မဲပေးသူထံယူလာပြီး၊ မဲပေးသူမှ ၎င်း၏မဲပြားတွင် အမှတ်အသား ပြုပြီးနောက်၊ အကူအညီပေးနေသည့်အဖွဲ့မှ မဲပေးထားသည့် မဲပြားကို မဲပုံးတစ်ခုတွင် ထည့်လိုက်ပါမည်။
   - ပိုမို၍လျှို့ဝှက်ရန်အတွက်၊ မဲပေးသူတစ်ဦးမှ ၎င်းတို့၏မဲပေးထားသည့် မဲပြားကို စာအိတ်တစ်ခုအတွင်းထည့်ပြီး မဲစာတိုက်ပုံးတစ်ခု၌ သွားပေးလိုက်နိုင်ရန်၊ အခြေအနေအရသတ်မှတ်ထားသော မဲစာရင်း (Conditional Voter Registration - CVR) မဲပြားကို ထုတ်ပေးနိုင်ပါသည်။ CVR စာအိတ်ပြင်ပတွင် ဝန်ထမ်းမှ ယင်းသည် တရားဝင်မဲ ဖြစ်ကြောင်းကို ရက်စွဲနှင့်အတူ ၎င်းတို့၏အမည်အတိုကောက်တို့ ရေးရန် လိုအပ်ပါမည်။
   - ၎င်းမဲကို မဲစာတိုက်ပုံးအတွင်း တိုက်ရိုက်ထည့်လိုက်ကြောင်းကို ကြည့်ရန် မဲပေးသူမှတောင်းဆိုပါက၊ ဝန်ထမ်းများက ထိုမဲစင်တာ၏ခေါင်းဆောင် (Vote Center Lead)အား ဝန်ထမ်းနှစ်ဦးကို ချိတ်ပိတ်ထားသည့် မဲပုံးကို ကားဆီသို့ ယူလာရန် စေလွှတ်ပေးရန် တောင်းဆိုနိုင်ပါသည်။[4]

ကျွန်ုပ်တို့၏ ရက် ၃၀၊ ၁၁ ရက် မဲစင်တာများနှင့် Foster City နှင့် Menlo Park ၄ ရက် မဲစင်တာများတွင်၊ မဲပေးသူတစ်ဦးမှ လွတ်လပ်စွာမဲပေးရန် BMT တစ်ခုလိုအပ်ပါက (ဝန်ထမ်းနှစ်ဦးဖြစ်စေ၊ ဝန်ထမ်းတစ်ဦးနှင့် မဲပေးသူအားကူညီသူဖြစ်စေ) လူနှစ်ဦးမှ BMT တစ်ခုနှင့် ပုံနှိပ်စက်တစ်ခုကို ၎င်း၏ကားထံ ယူလာပေးရန် ကမ်းလှမ်းနိုင်ပါသည်။ ပြန်ပို့ရန်အတွက် အထက်ပါညွှန်ကြားချက် များကို လိုက်နာ၍ မဲပေးပါမည်။

*အစားထိုး မဲပြားများ*

မဲပေးသူများအနေဖြင့် အစားထိုး မဲပြားများကို စက်တင်ဘာလ ၇ ရက်အထိ စာတိုက်မှပေးပို့ရန် တောင်းဆိုနိုင်သကဲ့သို့ မည်သည့် မဲပေးစင်တာသို့မဆို လူကိုယ်တိုင် သွားရောက်ထုတ်ယူနိုင်သော်လည်း၊ ယခုရွေးကောက်ပွဲအတွက်မူ၊ စောင့်ဆိုင်းချိန် နည်းသွားစေရန် အတွက် မဲပေးသူများသည် (နောက်ဆက်တွဲတွင် စာရင်းဖော်ပြထားသည့်) ရက် ၃၀ မဲပေးစင်တာများသို့ မသွားမီ အစားထိုးမဲပြား များကိုသွားယူရန် တောင်းဆိုနိုင်ပါသည်။ မဲပေးသူများသည် တောင်းခံသည့်ပုံစံကို ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက် www.smcvote.org တွင် ရယူနိုင်ပါသည်။ သို့မဟုတ် သွားမယူမီ တစ်ရက်ကြိုပြီး 650.312.5222 သို့ ဖုန်းဆက်/တက်စ်ပို့၍ တောင်းခံလွှာ တင်သွင်းပြီး လာယူမည့်နေရာ ရွေးနိုင်ပါသည်။ မိမိတို့မဲပြားသည် လာယူရန်အသင့်ဖြစ်သည့်အခါ၊ နေရာအလိုက်ညွှန်ကြားချက်များ ပါဝင်သည့် အီးမေးလ်တစ်စောင် လက်ခံရရှိမည် ဖြစ်သည်။

*စာပို့၍ အဝေးရောက်မဲပေးခြင်းစနစ်*

ဤရွေးကောက်ပွဲအတွက်၊ မဲပေးသူအားလုံးအနေဖြင့် စာပို့၍ အဝေးရောက်မဲပေးစနစ် (RAVBM) ကို အသုံးပြု၍ အင်တာနက်

[4] မဲစင်တာတွင် မဲပုံးတစ်ခုတည်းသာရှိပါက ဤရွေးချယ်ချက်ကို မရနိုင်ပါ။

ချိတ်ဆက်ထားသော မည်သည့်ကွန်ပျူတာမှမဆို ဘေးကင်းစွာ ဝင်ရောက်ရယူ၊ အမှတ်ခြစ်၍ ၎င်းတို့၏မဲကို ပရင်တာဖြင့် ပုံနှိပ်နိုင်ပါသည်။ မဲပေးသူများသည် မဲပေးသူကျမ်းကျိန်လွှာကို လက်မှတ်ထိုး၍ ပြန်ပို့ရပါမည်။ သို့မဟုတ် တရားဝင်မဲပြားစာရွက် စာတမ်းများတွင် ပေးထားသည့် မဲပြန်ပို့ရန်အတွက် စာပို့ခပေးပြီးသားစာအိတ်ကို လက်မှတ်ထိုးရပါမည်။ ဤဝန်ဆောင်မှုသည် မသန်စွမ်းသည့်မဲပေးသူများ ၎င်းတို့မဲပြားများကို အကူအညီမလိုဘဲ လုံခြုံစွာရယူအမှတ်ခြစ်နိုင်ရန် ရွေးချယ်စရာတစ်ခု ဖြစ်ပါသည်။ ၎င်းသည် နိုင်ငံရပ်ခြားရောက် မဲပေးသူများနှင့် စစ်မှုထမ်းမဲပေးသူများကို အချိန်မီ မဲပေးနိုင်ရန် နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါကို တုံ့ပြန်သည့်အနေဖြင့် မဲပေးသူအားလုံး ၂၀၂၀ နိုဝင်ဘာလ ၃ ရက် နိုင်ငံတော်သမ္မတ အထွေထွေ ရွေးကောက်ပွဲအတွက် တတ်နိုင်သမျှ အလွယ်ကူဆုံး၊ အဆင်ပြေဆုံး မဲပေးပြီး အသုံးပြုနိုင်ရန်၊ ဤဝန်ဆောင်မှုကို အောင်မြင်စွာ ချဲ့ထွင်ခဲ့ပါသည်။

*မဲစာတိုက်ပုံးများ*

ဩဂုတ်လ ၁၆ ရက်နေ့မှ စတင်ပြီး၊ မဲပေးသူများသည် ကောင်တီအနှံ့အပြားတွင် အဆင်ပြေစေရန် ထားရှိပေးထားသည့် မဲစာတိုက်ပုံး နေရာ ၄၂ ခုကို အသုံးပြုနိုင်မည် ဖြစ်ပါသည်။ မဲစာတိုက်ပုံးတည်နေရာ ၃၃ ခုသည် အဆောက်အဦအပြင်တွင်ရှိပြီး၊ ၎င်းတို့အား တစ်နေ့ ၂၄ နာရီ၊ တစ်ပတ် ၇ ရက် အသုံးပြုနိုင်ပါသည်။ ပုံးတိုင်းသည် လုံခြုံပြီး အဆောက်အတွင်းမှ ပုံးများတွင် လုံခြုံရေး သော့ခလောက်များအပြင် ချည်သည့်နှောင်ကြိုးများ ပါရှိပြီး ပြင်ပရှိ ပုံးများမှာ သံမဏိပုံးများဖြစ်ပြီး ကွန်ကရစ်ပေါ်တွင် မူလီစုပ်ထားပါသည်။ မဲစာတိုက်ပုံးများအားလုံးနှင့် ၎င်းတို့၏တည်နေရာများထံသို့ မသန်စွမ်းသည့် မဲပေးသူများ သွားရောက်နိုင်ပါသည်။

*ပလက်ဖောင်းဘေးမှပေးထားခဲ့ခြင်း*

ပလက်ဖောင်းဘေးမှနေ၍မဲပြားထားခဲ့ခြင်းသည် မဲပေးသူများ ၎င်းတို့ကားများပေါ်မှ ဆင်းရခြင်းထက် မဲစင်တာဝန်ထမ်းထံ မဲပြား ပိုမိုလျင်မြန်စွာနှင့်အဆင်ပြေစွာထားနိုင်သည့်အတွက် မဲပေးသည့်လုပ်ငန်းစဉ်အား အလုပ်တွင်စေပါသည်။ ကာယဆိုင်ရာ အားနည်းချက် ရှိသူများအား ၎င်းတို့၏မဲပြားကို တရားဝင်မဲပုံးတွင်ထားခဲ့ရန် ရွေးချယ်စရာ နောက်တစ်ခုလည်း ပေးပါသည်။ ရွေးကောက်ပွဲနေ့တွင် အောက်ပါ မဲစင်တာ ၁၀ ခု၌ ပလက်ဖောင်းဘေးမှနေ၍ မဲပြားထားခဲ့နိုင်ပါမည်-

| | |
|---|---|
| Burlingame | Daly City |
| Foster City | Menlo Park |
| Millbrae | Pacifica |
| Redwood City | San Bruno |
| San Mateo | South San Francisco |

*မဲရေတွက်ခြင်း*

မှတ်ပုံတင်နှင့်ရွေးကောက်ပွဲဌာနခွဲတွင် မဲပြားများကို တိကျစွာနှင့် ထိရောက်စွာ ရေတွက်ကြောင်းသေချာစေရန် ဝန်ထမ်းများနှင့် နည်းပညာတို့ထားရှိပါသည်။ အထက်လွှတ်တော်ဥပဒေမူကြမ်း ၁၅၂ အရ၊ ဤဌာနခွဲသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့ ကာလီဖိုးနီးယား ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမှရုပ်သိမ်းသည့်ရွေးကောက်ပွဲအတွက် စာပို့မဲများကို ရွေးကောက်ပွဲမတိုင်မီ ၂၉ ရက် ကြို၍ စတင်ကိုင်တွယ်နိုင်ပါသည်။

## မဲပေးသူများအား ပညာပေးခြင်းနှင့် လက်လှမ်းကူညီခြင်း

*မှတ်ပုံတင်နှုန်း ပျမ်းမျှအောက်နည်းသည့် နေရာများအား ဦးတည်ထားသည့် ပို့စကတ်များ*

မှတ်ပုံတင်နှင့်ရွေးကောက်ပွဲဌာနခွဲသည် အိမ်ထောင်စု ၁၀၀၀၀၀ နီးပါးသို့ မှတ်ပုံတင်ရန် အချက်အလက်များအား ဘာသာစကား လေးမျိုးဖြင့် ဖော်ပြပေးထားသည့် ပို့စကတ်တစ်စောင် ပေးပို့သွားမည် ဖြစ်သည်။ ထိုပို့စကတ်များကို USPS Every Door Direct Mail (အိမ်ရှေ့အရောက် စာပို့စနစ်) ဖြင့် Daly City၊ East Palo Alto၊ Menlo Park၊ Redwood City၊ San Bruno၊ South San Francisco ၏အစိတ်အပိုင်းများနှင့် နယ်မြေအုပ်ချုပ်မှုတွင် မပါသည့်နေရာများသို့ ပေးပို့မည် ဖြစ်ပါသည်။

## ရွေးကောက်ပွဲဆိုင်ရာ စီမံချက် ၂၀၂၀ ” ၂၀၂၄ အတွက် ပြောင်းလဲမှုများအကျဉ်းချုပ်နောက်ဆက်တွဲ

*အဆိုပြုထားသည့် မဲပေးစင်တာ နေရာများ*

ရွေးကောက်ပွဲဌာနခွဲသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့ ကာလီဖိုးနီးယား ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမှရုပ်သိမ်း သည့် ရွေးကောက်ပွဲကို အထက်လွှတ်တော်ဥပဒေမူကြမ်း ၁၅၂ အရ ကျင်းပပါမည်။ ရွေးကောက်ပွဲနေ့မတိုင်မီ ၁၁ ရက်ကြို၍ ကျွန်ုပ်တို့သည် မဲစင်တာ ၈ ခုကို ဖွင့်ပါမည်။ စာပို့မဲပြားနှင့်အတူကောင်တီ၏ နမူနာမဲပြားနှင့် မဲပေးသူအချက်အလက် လက်ကမ်း စာစောင်တို့ကို ထည့်ပေးလိုက်ပါမည်။

ခန့်မှန်းထားသော မဲပေးသူဦးရေ ပိုမိုနည်းပါးသည့်အတွက် မဲစင်တာအရေအတွက်သည် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၃ ရက် နိုင်ငံတော်သမ္မတ အထွေထွေရွေးကောက်ပွဲကာလ မဲစင်တာ ၄၅ ခုမှ ယခုရွေးကောက်ပွဲတွင် မဲစင်တာအခု ၂၀ နှင့် ယာယီမဲစင်တာ ၂ ခုသို့ လျှော့ချမည်ဖြစ်ပါသည်။

မဲစင်တာ အခု ၂၀ အနက် ၁၈ ခုကို ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၃ ရက် နိုင်ငံတော်သမ္မတ အထွေထွေရွေးကောက်ပွဲကာလတွင် အသုံးပြုခဲ့ပါသည်။ မဲစင်တာအသစ်များသည် San Bruno ရှိ Belle Air Elementary School နှင့် Belmont ရှိ Twin Pines Lodge တို့ဖြစ်ပါသည်။

မဲပေးစင်တာနေရာသစ်များကို ယခင်ရွေးချယ်သည့် စံများအတိုင်း၊ ကာလီဖိုးနီးယားပြည်နယ် မဲပေးသူ၏ရွေးချယ်ချက် အက်ဥပဒေ (VCA) ပါ ရွေးချယ်မှု စံ ၁၅ ချက်၊ လူမှုအသိုင်းအဝိုင်း၏ပါဝင်ပြောဆိုမှုနှင့် အများသူငါပါဝင်မှုရှိသော ဒီမိုကရေစီစင်တာ၏ မဲပေးရန်နေရာ ရှာဖွေသည့် ကိရိယာအသုံးပြုခြင်းတို့ဖြင့် ရွေးချယ်ခဲ့ပါသည်။

*မဲစာတိုက်ပုံးတည်နေရာများ*

တစ်နေ့ ၂၄ နာရီ၊ တစ်ပတ် ၇ ရက်သုံးနိုင်သည့် အဆောက်အဦပြင်ပရှိ မဲစာတိုက်ပုံးနေရာအရေအတွက်ကို ၂၀၂၀ ခုနှစ် နိုဝင်ဘာလ တွင် ရှိခဲ့သော ၂၉ နေရာမှ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက် ကာလီဖိုးနီးယား ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမှရုပ်သိမ်းသည့် ရွေးကောက်ပွဲအတွက် ၃၄ နေရာသို့ တိုးချဲ့ထားသည်။ တည်နေရာများကို ယခင်ရွေးချယ်သည့်စံများအတိုင်း ကာလီဖိုးနီးယား ပြည်နယ် မဲပေးသူ၏ရွေးချယ်ချက် အက်ဥပဒေပါ ရွေးချယ်မှုစံများနှင့် လူမှုအသိုင်းအဝိုင်း၏ ပါဝင်ပြောဆိုမှုတို့ဖြင့် ရွေးချယ်ခဲ့ပါသည်။

*ရုပ်ရှာမိတ်ဖက်များ၊ ရုပ်ရှာပွဲလမ်းပြ ပြက္ခဒိန်နှင့် မီဒီယာမိတ်ဖက်များ*

မိတ်ဖက်အသစ်များနှင့်ပွဲလမ်းများကို ကျွန်ုပ်တို့၏ အွန်လိုင်းနောက်ဆက်တွဲတွင် ထပ်၍ထည့်ပါမည်။

မီဒီယာမိတ်ဖက်အသစ်များတွင် India Currents သတင်းစာ၊ Radio Zindagi 1170 AM ရေဒီယို၊ Bolly 92.3 FM ရေဒီယို၊ PTC Network Punjabi ရုပ်မြင်သံကြား သို့မဟုတ် Namaste TV နှင့် ဆုံးဖြတ်ချက်အရ အခြားအရာများလည်း ပါဝင်နိုင်ပါသည်။

*တိုက်ရိုက်မဲပေးသူထံ အဆက်အသွယ်*

ပို့စကတ် ၁ တွင် မဲပေးစင်တာ နေ့စွဲများ၊ ဖွင့်သည့် စင်တာအရေအတွက်နှင့် နောက်ထပ်အချက်အလက်များကိုရယူရန် ဝက်ဘ်ဆိုက် တစ်ခုနှင့် ဖုန်းနံပါတ်တို့ ထည့်ထားပါသည်။

ပို့စကတ် ၂ တွင် မိမိတို့၏မဲပြားများ ပြန်မပို့ရသေးသည့် သို့မဟုတ် လူကိုယ်တိုင် မဲမပေးရသေးသူများအား ရွေးကောက်ပွဲတွင် မဲပေးရန် ကျန်နေသေးသည့်အချိန်နှင့် ၎င်းတို့မဲပေးရန် ရွေးချယ်ချက်များကို ပြန်လည်သတိပေးပါမည်။